# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃၃)    ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | သွင်းကုန်လိုင်စင်လျှောက်ထားခြင်း မပြုမီ အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုသည့်ကုန်ပစ္စည်းများစာရင်းအသိပေးကြေညာခြင်း။ | ၄-၅ |
| ၃။ | အိန္ဒိယနိုင်ငံအစိုးရက အိန္ဒိယနိုင်ငံပြစ်မှုဆိုင်ရာဥပဒေများကို ပြင်ဆင်ရန် ဥပဒေမူကြမ်းများ တင်သွင်းခြင်း။ | ၆-၇ |
| ၄။ | (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့နှင့် စပ်လျဉ်း၍ သိကောင်းစရာ။ | ၈-၁၀ |
| ၅။ | နိုင်ငံရေး လာဘ်လာဘ ငွေကြေးအရှုပ်အရှင်းများကြောင့် အာဏာရပါတီ၏ ရုံးခန်းများကို ဂျပန်အစိုးရရှေ့နေများက ဝင်ရောက်ဖမ်းဆီးခဲ့ခြင်း။ | ၁၁-၁၂ |
| ၆။ | Paris လေဆိပ်တွင် Mumbai သို့ ထွက်ခွာမည့်လေယာဉ်အား လူကုန်ကူးမှု သံသယဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း။ | ၁၃-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃၃) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့်မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်ဒေသန္တရစီမံကိန်းဥပဒေနှင့် ရောဝတီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကထုတ်ပြန်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ လမ်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းမကြီးအဖြစ် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့်ပို့ကုန်ရငွေများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရမည့်ကာလပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနက ၁၃.၁၂.၂၀၂၃ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၇၅၉/၂၀၂၃) ဖြင့်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က၂၅.၁၂.၂၀၂၃ရက်နေ့တွင်အမိန့်ကြော်ငြာစာအမှတ်(၂၇/၂၀၂၃) ဖြင့် ပို့ကုန်ရငွေများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရမည့်ကာလ ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယခင်အမိန့်ကြော်ငြာစာအမှတ်(၂၇/၂၀၂၂) အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေကို နိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက် ထည့်သွင်းရေး ဆောင်ရွက်ရာတွင် အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ (၄၅) ရက်အတွင်းလည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ရက်ပေါင်း (၉၀) အတွင်းလည်းကောင်း ပြန်လည်ဝင်ရောက်ရန် သတ်မှတ်ထားပါသည်။ ထိုသို့ သတ်မှတ်ထားရာမှ ယခုအမိန့်ကြော်ငြာစာတွင် ပို့ကုန်ရငွေများအား ပြည်တွင်းသို့ ပြန်လည် ဝင်ရောက်ရမည့်ကာလကို အာရှနိုင်ငံများသို့ တင်ပို့သည့်ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ယခင်(၄၅)ရက်အစား(၃၀)ရက်သို့လည်းကောင်း၊အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့တင်ပို့သည့်

ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ယခင်(၉ဂ)ရက်အစား (၆ဂ)ရက်သို့လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရန် ပြင်ဆင်သတ်မှတ်လိုက်ပြီး လိုက်နာဆောင်ရွက်ခြင်း မရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

e-Government ဌာနခွဲ<br>ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃၃) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

## သွင်းကုန်လိုင်စင်လျှောက်ထားခြင်း မပြုမီ အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်း သိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းများ စာရင်းအသိပေးကြေညာခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက အကောက်ခွန် သိုလှောင်ရုံသို့ထည့်သွင်းမည့် ကုန်ပစ္စည်းများအပါအဝင် ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှု အားလုံး အတွက်ဆိပ်ကမ်းသို့မရောက်မီသွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ် ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၇/၂၀၂၃)ဖြင့် ၂၂-၃-၂၀၂၃ ရက်နေ့ တွင်ထုတ်ပြန်ခဲ့သော်လည်း ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာဈေးလျော့ကျသည့် အချိန်တွင် ဝယ်ယူစုဆောင်းသိုလှောင်၍ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း၊ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သောကုန်ပစ္စည်းများကို လိုအပ်သည့်အချိန်တွင် တင်သွင်းသိုလှောင်ခြင်းတို့ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန် ရည်ရွယ်၍ ကုန်စည် အချို့ကို သွင်းကုန်လိုင်စင်ကြိုတင်ရယူရန် မလိုဘဲ အကောက်ခွန်လုပ်ထုံးလုပ်နည်းများအတိုင်း အကောက်ခွန်ကုန်လှောင်ရုံသို့ ထည့်သွင်းသိုလှောင်နိုင်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန် သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၆/၂၀၂၃) ဖြင့် ၂၁-၁၂-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ ကြောင်း သိရှိရပါသည်။

ယင်းသတင်းလွှာထုတ်ပြန်ချက်အရ ထည့်သွင်းသိုလှောင်နိုင်သော ပစ္စည်းများမှာ လျှပ်စစ်သုံး ယာဉ်အမျိုးမျိုး၊ ဆေးနှင့် ဆေးအထောက်အကူပြုပစ္စည်းများ၊ စိုက်ပျိုးရေးသွင်းအားစုများ (မျိုးစေ့ ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး)၊ တိရစ္ဆာန်သုံးဆေးဝါးများ၊ စက်ဆီ၊ ချောဆီနှင့် အခြားစက်မှုသုံး ဆီများ၊ထုပ်ပိုးပစ္စည်းများ၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၂၃ ၏အပိုဒ် ၁(၄) ပါပစ္စည်းများ (ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်း များ)၊မွေးမြူရေးလုပ်ငန်းသုံးကုန်ကြမ်းများ၊ဆေးဝါးကုန်ကြမ်းပစ္စည်းများနှင့် ပရဆေးကုန်ကြမ်းများ၊ စက်မှုကုန်ကြမ်းများ (ပလပ်စတစ်ကော်စေ့၊ ပလပ်စတစ်ကုန်ကြမ်းများအပါအဝင်)၊ စက်မှုကုန်ကြမ်း ဓာတုပစ္စည်းများ၊ စားသောက်ကုန်ကြမ်းပစ္စည်း(စားသောက်ကုန်ထုတ်လုပ်ငန်းများအတွက် ပြည်တွင်း ထုတ်လုပ်သည့်ကုန်ကြမ်းနှင့် မလုံလောက်သဖြင့် ပြည်ပမှတင်သွင်းမှုကို အခြေခံသော စားသောက် ကုန်ကြမ်းပစ္စည်းများ)၊ CMP စနစ်၏ အစိတ်အပိုင်းဖြစ်သော ကုန်ကြမ်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းများ

ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်း၊ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်စက်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ကြိုတင်ရယူရန် မလိုဘဲ အကောက်ခွန်လုပ်ထုံးလုပ်နည်းများအတိုင်း အကောက်ခွန်ကုန်လှောင်ရုံသို့ ထည့်သွင်းသိုလှောင်နိုင်သော ကုန်ပစ္စည်းများဖြစ်ကြပြီး ကုန်ပစ္စည်းအမျိုးအစားအုပ်စုများကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ကုန်သွယ်ရေးဦးစီးဌာန

## အိန္ဒိယနိုင်ငံအစိုးရက အိန္ဒိယနိုင်ငံပြစ်မှုဆိုင်ရာဥပဒေများကို ပြင်ဆင်ရန် ဥပဒေမူကြမ်းများ တင်သွင်းခြင်း

အိန္ဒိယအစိုးရသည် ဩဂုတ်လတွင် စတင်မိတ်ဆက်ခဲ့သည့်ပြစ်မှုဆိုင်ရာဥပဒေများကိုပြင်ဆင်ရန်ဥပဒေမူကြမ်း ၃ ခုကို ရုပ်သိမ်းပြီးနောက် ပြန်လည်ပြင်ဆင်ထားသော ပြစ်မှုဆိုင်ရာဥပဒေပြင်ဆင်သည့် ဥပဒေကြမ်း ၃ ခုကို ဒီဇင်ဘာလ ၁၂ ရက်နေ့က အောက်လွှတ်တော်တွင် ပြန်လည်တင်သွင်းခဲ့သည်။

ပြန်လည်တင်သွင်းထားသည့်ပြစ်မှုဆိုင်ရာဥပဒေပြင်ဆင်သည့်ဥပဒေကြမ်း ၃ ခုတွင် Bharatiya Nyaya Sanhita Bill (ဒုတိယ)၊ ၂၀၂၃၊ Bharatiya Sakshya Bill (ဒုတိယ)၊ ၂၀၂၃ နှင့် Bharatiya Nagarik Suraksha Sanhita Bill (ဒုတိယ)၊ ၂၀၂၃တို့သည် အိန္ဒိယရာဇသတ်ကြီးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတို့ကို အစားထိုးရန်ဖြစ်ကြောင်းနှင့် ယင်းဥပဒေမူကြမ်းများသည် အိန္ဒိယနိုင်ငံရှိ ရာဇဝတ်တရားစီရင်ရေးစနစ်တွင် ဆက်လက်ကျင့်သုံးနေသည့် ဗြိတိသျှခေတ်ရာဇဝတ်ဥပဒေများကို အလုံးစုံ ပြန်လည်ပြင်ဆင်ရန် ရည်ရွယ်ထားပါသည်။

ယခုနှစ်အစောပိုင်းတွင် အဆိုပါ ဥပဒေကြမ်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ လွှတ်တော်အမြဲတမ်းကော်မတီသို့ တင်သွင်းခဲ့သည်။ ထို့နောက် ကော်မတီက အဆိုပြုထားသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍အစီရင်ခံစာတင်သွင်းပြီး အမျိုးမျိုးသောအပြောင်းအလဲများကို အကြံပြုကြပါသည်။ ဥပဒေကြမ်းအသစ်ကို မိတ်ဆက်စဉ်တွင် ပြည်ထဲရေးဝန်ကြီး Amit Shah က ကြီးကြီးမားမားအပြောင်းအလဲမရှိကြောင်း၊ ၎င်းတို့အနေဖြင့် ဥပဒေကြမ်းဟောင်းများကို ဆက်လက်ကျင့်သုံးမည်ဆိုပါက တရားဝင်ပြင်ဆင်မှုများစွာ ပြုလုပ်ရမည်ဖြစ်သောကြောင့် ယင်းအစားဥပဒေကြမ်းအသစ်များကို မိတ်ဆက်ရန် ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

အိန္ဒိယရာဇသတ်ကြီးဥပဒေတွင် အစားထိုးရန် သတ်မှတ်ထားသည့် 2023 ခုနှစ် Bharatiya Nyaya Sanhita Bill တွင် အပိုဒ် ၈၄ အရ အိမ်ထောင်ရေးဖောက်ပြန်မှုကို ရာဇဝတ်မှုအဖြစ် ပြန်လည်ထည့်သွင်းထားသည်။ ဥပဒေကြမ်းအသစ်အရ အမျိုးသမီးများကို တရားမဝင်လိင်ဆက်ဆံခြင်းအတွက် “သွေးဆောင်” ခြင်းသည်ပင် ယခုအခါ ပြစ်မှုတစ်ခုဖြစ်သည်။

ယခင် ၂၀၁၈ခုနှစ်တွင်အိန္ဒိယနိုင်ငံ၏တရားလွှတ်တော်ချုပ်သည် အိမ်ထောင်ရေးဖောက်ပြန်မှုကို ရာဇဝတ်မှုမဟုတ်သဖြင့် ပြစ်မှုမမြောက်ဟု ချမှတ်ခဲ့သည်။

ဥပဒေကြမ်း၏နောက်ဆုံးအတည်ပြုချက်တွင် "အကြမ်းဖက်လုပ်ရပ်"၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို "စီးပွားရေးဆိုင်ရာလုံခြုံရေးကို ခြိမ်းခြောက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ဖွယ်ရှိသော မည်သည့်လုပ်ရပ်မဆိုပြုလုပ်ခြင်း" နှင့် "အိန္ဒိယနိုင်ငံ သို့မဟုတ် နိုင်ငံခြားရှိ အိန္ဒိယ၏ ကာကွယ်ရေးအတွက် အသုံးပြုရန် ရည်ရွယ်ထားသည့် ပစ္စည်းကို ပျက်စီးစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်းတို့ ပါဝင်သည်။" ဟုဖော်ပြထားပါသည်။ ထို့ပြင် ပြန်လည်ပြင်ဆင်သည့်ဥပဒေမူကြမ်းသည် သေဒဏ်ကို ပြစ်ဒဏ်ပုံစံအဖြစ် ဆက်လက်ထားရှိခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ လွှတ်တော်အမြဲတမ်းကော်မတီ၏ အစီရင်ခံစာတွင် သေဒဏ်ကို ဖျက်သိမ်းရန် တောင်းဆိုချက်အများအပြားကို လက်ခံရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ ပြန်လည်ပြင်ဆင်ထားသည့် 2023 ခုနှစ် Nyaya Sanhita Bill တွင်ပြဋ္ဌာန်း ချက်အသစ်နှစ်ခုဖြစ်သည့် ပုဒ်မ ၈၆ "အမျိုးသမီးအပေါ်ရက်စက်ကြမ်းကြုတ်ခြင်း"နှင့်ပုဒ်မ ၇၃ "ခွင့်ပြုချက်မရှိဘဲတရားရုံး၏တရားစွဲဆိုမှုများကိုထုတ်ဝေမှုအတွက်အပြစ်ပေးခြင်း"တို့ကိုလည်း အသစ်ထည့်သွင်းဖော်ပြထားသည်။ လွှတ်တော်တွင်း ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source : https://www.jurist.org/news/2023/12/india-government-introduces-revised-criminal-law-amendment-bills-with-minor-changes/#

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃၃) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

## (၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့နှင့်စပ်လျဉ်း၍ သိကောင်းစရာ

ဒီဇင်ဘာလ ၁၀ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights–UDHR)အား အတည်ပြုထုတ်ပြန်ခဲ့သည်မှာ (၇၅)နှစ်ပြည့်စိန်ရတုသို့ ရောက်ရှိပြီဖြစ်ပါသည်။

အဆိုပါလူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပဲရစ်မြို့၌ကျင်းပသောကုလသမဂ္ဂအထွေထွေညီလာခံတွင် အတည်ပြုချမှတ်ခဲ့ပါသည်။အဆိုပါစာတမ်းကို ဘာသာစကားပေါင်း ၅၀၀ ကျော်ဖြင့် ဘာသာပြန်ဆိုထားပြီး လူမျိုး၊ အသားအရောင်၊ ဘာသာရေး၊ ကျား/မခွဲခြားမှု၊ ဘာသာစကား၊ နိုင်ငံရေး၊ နိုင်ငံသား ဖြစ်မှု စသည့် လူသားတစ်ဦးအနေဖြင့် ရသင့်ရထိုက်သော ထာဝရအခွင့်အရေးများကို ရရှိထိန်းသိမ်းထားနိုင်သော စာတမ်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးကြေညာစာတမ်းကိုချမှတ်ပြီးသည့်အချိန်မှစ၍ လူ့အခွင့်အရေးများကိုပိုမိုအသိအမှတ်ပြုလာကြပြီး တာဝန်ယူမှုများ ရှိလာခဲ့သည်။

ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်ခဲ့သော (၇၅)နှစ်မြောက် "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့"ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင်ကျင်းပခဲ့ပါသည်။ ၂၀၂၃ခုနှစ်၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဆောင်ပုဒ်မှာ **"Dignity, Freedom and Justice for all"**၊ "လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့်အားလုံးအတွက်တရားမျှတမှု" ဖြစ်ပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီရိုဂူတာရက်စ်က"လူ့အခွင့်အရေးကြေညာစာတမ်းကြီးသည်စစ်ပွဲများရပ်တန့်နိုင်ရန်၊ အစိတ်စိတ်အမြွှာမြွှာ ကွဲကွာနေမှုများကို ဖြေရှင်းရန်နှင့် ငြိမ်းချမ်းရေးနှင့် ဂုဏ်သိက္ခာများကို မြှင့်တင်ပေးရန် လမ်းပြတစ်ခုဖြစ်ကြောင်း၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးစသည့် လူ့အခွင့်အရေးများကို လေးစားရန်နှင့် မြှင့်တင်ရန် ပိုမိုအရေးကြီးကြောင်း၊ အဆိုပါစာတမ်းသည် ကျွန်ုပ်တို့ကမ္ဘာကြီးမှ လိုအပ်နေသော လုံခြုံမှုနှင့် တည်ငြိမ်မှုတို့ကို ဖန်တီးပေးနိုင်ရန်၊ တင်းမာမှုများကို ဖြေရှင်းပေးနိုင်ရန် နည်းလမ်းများနှင့် ချဉ်းကပ်မှုများကို ပြသနေကြောင်းနှင့် ကမ္ဘာတစ်ဝှမ်းလုံးအား လူ့အခွင့်အရေးကိုလေးစားရန်နှင့်မြှင့်တင်ရန် တိုက်တွန်းလိုကြောင်း"စသည်ဖြင့် လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အတွက် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း(၇၅)နှစ်မြောက်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန ၁ တွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းမှ တက်ရောက် အမှာစကားပြောကြားခဲ့ရာ “မိမိတို့မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသားများ၏မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် နှင့် လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများကို နိုင်ငံသားများခံစားရရှိနိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ၁၂ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာခြင်း၊ ပြဋ္ဌာန်းဖြည့်ဆည်းပေးခြင်းအားဖြင့် ငြိမ်းချမ်းသာယာသည့် လူ့အဖွဲ့အစည်းများဖြစ်ပေါ်လာစေရေးနှင့် ကဏ္ဍအသီးသီးတွင် မညီမျှမှုများ၊ ခွဲခြားဆက်ဆံမှုများမရှိစေရေးကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် အပါအဝင် အခြားသက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့နှင့်အတူ ချိတ်ဆက် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICESCR)၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CMW)၊ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRC)၊ အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်(CEDAW)နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်(CRPD)များတွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်များနှင့်ဆက်စပ်သည့် နောက်ဆက်တွဲစာချုပ် အချို့ကိုလည်း ပါဝင်ချုပ်ဆိုကာ စာချုပ်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း” စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့ပြင် (၇၅) နှစ်မြောက် စိန်ရတု အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခါသမယတွင် ပြည်သူတစ်ရပ်လုံးကလည်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ လူတစ်ဦးချင်းစီ၏ မွေးရာပါအခွင့်အရေး၊ ဥပဒေပါအခွင့်အရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သူတစ်ပါး၏ ဂုဏ်သိက္ခာနှင့်အခွင့်အရေးများကို အသိအမှတ်ပြုလေးစားခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ

ကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ တိုက်တွန်း နှိုးဆော်ထားကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources–https://www.un.org/en/observances/human-rights-day
–https://webtv.un.org/en/asset/k1s/k1smo4vf5l
–https://dsinfo.org/sites/default/files/viber_image_2023-12_10-22-26-32-149.jpg
– မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ သတင်းထုတ်ပြန်ချက် (၁၃/၂၀၂၃)

## နိုင်ငံရေး လာဘ်လာဘ ငွေကြေးအရှုပ်အရှင်းများကြောင့် အာဏာရပါတီ၏ ရုံးခန်းများကို ဂျပန်အစိုးရရှေ့နေများက ဝင်ရောက်ဖမ်းဆီးခဲ့ခြင်း

ဂျပန်နိုင်ငံအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) ပါတီ၏ Abe နှင့် Nikai အဖွဲ့ခွဲများသည် နိုင်ငံရေးရန်ပုံငွေထိန်းချုပ်ရေးအက်ဥပဒေ(Political Fund Control Act)အား ချိုးဖောက်၍ ငွေကြေးမသမာမှုများဆောင်ရွက်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် တိုကျိုအစိုးရရှေ့နေရုံးက အဆိုပါပါတီရုံးကိုဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း ဂျပန်နိုင်ငံ NHK သတင်းဌာနက ဒီဇင်ဘာလ တတိယအပတ်တွင် ဖော်ပြခဲ့ပါသည်။

နိုင်ငံရေးရန်ပုံငွေထိန်းချုပ်ရေးအက်ဥပဒေ (Political Fund Control Act) ကို ၁၉၄၈ ခုနှစ်တွင်ပြဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နောက်ဆုံးပြင်ဆင်ထားကြောင်းတွေ့ရှိရပါသည်။ ယင်းဥပဒေအရ နိုင်ငံရေးပါတီများ၏ ဝင်ငွေနှင့်အသုံးစရိတ်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းရန် စာရင်းကိုင်တစ်ဦးလိုအပ်ပြီး အစီရင်ခံစာတင်သွင်းရန် ပျက်ကွက်ပါက ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ယန်း ၁ သန်းအထိ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ Abe အဖွဲ့ခွဲသည် ယန်းသန်း ၅၀၀ ကို အစီရင်ခံခြင်း မရှိကြောင်းနှင့်နိုင်ငံရေးဆိုင်ရာပွဲများအတွက်လက်မှတ်ရောင်းချခြင်းမှငါးနှစ်အတွင်းရရှိသည့်ယန်းသန်း ၁၀၀ ကိုအစီရင်ခံခြင်းမရှိခဲ့ကြောင်း အစိုးရရှေ့နေရုံးက စွပ်စွဲခဲ့ပါသည်။ ဂျပန်နိုင်ငံတွင် နိုင်ငံရေးသမားများသည် နိုင်ငံရေးဆိုင်ရာပွဲများအတွက် လက်မှတ်ရောင်းခြင်းသည် တရားဝင်သော်လည်း နိုင်ငံရေးရန်ပုံငွေထိန်းချုပ်ရေးအက်ဥပဒေအရ အဆိုပါလက်မှတ်ရောင်းချမှုများကို အစီရင်ခံရမည်ဖြစ်ပါသည်။ ယင်းသို့လက်မှတ်ရောင်းချခြင်းမှရငွေသည် နိုင်ငံရေးသမားများက တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်ကာလနှင့်၎င်းတို့၏ရာထူးအာဏာပေါ်တွင် အခြေပြုတွက်ချက်ရကြောင်းနှင့် အမြတ်ငွေပမာဏသည် သတ်မှတ်ပမာဏထက်ကျော်လွန်မှုအပေါ် အစီရင်ခံခြင်းမပြုခဲ့သည့်အတွက် စွပ်စွဲခံရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံရေးဆိုင်ရာငွေကြေးအရှုပ်အရှင်းကိစ္စရပ်များတွင် လက်ရှိဝန်ကြီးချုပ် Fumio Kishida ၏အစိုးရအဖွဲ့ဝင်အဆင့်မြင့်အရာရှိများနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးချုပ်၊ ကုန်သွယ်ရေးဝန်ကြီး နှင့် နိုင်ငံရေးသုတေသန ဥက္ကဋ္ဌ အပါအဝင် LDP ထိပ်သီးခေါင်းဆောင်များ ပါဝင်လျက်ရှိပါသည်။ စွပ်စွဲချက်များထွက်ပေါ်လာပြီးနောက် အစိုးရအဖွဲ့အတွင်းရေးမှူးချုပ်၊ ကုန်သွယ်ရေးဝန်ကြီး နှင့် နိုင်ငံရေးသုတေသနဥက္ကဋ္ဌတို့သည် ၎င်းတို့၏ ရာထူးမှချထားခြင်းခံခဲ့ကြရပါသည်။ ကုန်သွယ်ရေးဝန်ကြီးနှင့်

နိုင်ငံရေးသုတေသန ဥက္ကဋ္ဌ တို့က ဆက်လက်ဆောင်ရွက်မည့် စုံစမ်းစစ်ဆေးမှုများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့ကြပါသည်။

LDPပါတီ၏ အထွေထွေအတွင်းရေးမှူးကအဆိုပါဖမ်းဆီးခံရမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ယင်းရှင်းလင်းပွဲတွင် စုံစမ်းစစ်ဆေးမှုများကို စောင့်ကြည့်ပြီး ပြည်သူလူထု၏ ယုံကြည်မှုကိုပြန်လည်ရရှိရန်သင့်လျော်သော အရေးယူဆောင်ရွက်မှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင်ကျင်းပမည့် ဂျပန်နိုင်ငံ၏ ဥပဒေပြုရေးအဖွဲ့အစည်းအဝေးတွင် နိုင်ငံရေးရန်ပုံငွေထိန်းချုပ်ရေးအက်ဥပဒေ (Political Fund Control Act)ကို ပြုပြင်ပြောင်းလဲရန် LDP ပါတီအတွင်း လတ်တလောတွင် တောင်းဆိုမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ဂျပန်နိုင်ငံတွင် ယင်းကဲ့သို့ နိုင်ငံရေးဆိုင်ရာငွေကြေးအရှုပ်အရှင်းကိစ္စရပ်များ ပေါ်ပေါက်ခြင်းသည် ပထမဆုံးအကြိမ် မဟုတ်ပါ။ ၁၉၇၄ ခုနှစ်တွင် ဝန်ကြီးချုပ်ဟောင်း Kakuei Tanaka သည် ရာထူးမှနုတ်ထွက်ခဲ့ပြီး နောက်ဆုံးတွင် စစ်ဘက်နည်းပညာကုမ္ပဏီနှင့် လေယာဉ်ထုတ်လုပ်သူ Lockheed Martin ထံမှ လာဘ်ငွေများလက်ခံမှုဖြင့် ၎င်းသည် ဖမ်းဆီးခြင်းခံခဲ့ရပါသည်။ ၂၀၁၀ ခုနှစ်တွင် ဝန်ကြီးချုပ်ဟောင်း Yukio Hatoyama သည် ၎င်းပါတီအနေဖြင့် နိုင်ငံရေးရန်ပုံငွေများကို အစီရင်ခံရန် ပျက်ကွက်ခဲ့သဖြင့် ရာထူးမှ နုတ်ထွက်ခဲ့ရကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်:**https://www.jurist.org/news/2023/12/japan-prosecutors-raid-offices-of-ruling-party-amid-political-kickbackscandal/#:~:text=NHK%20News%20revealed%20in% 20an, the % 20Political%20Funds%20Control%20Act.

## Paris လေဆိပ်တွင် Mumbai သို့ ထွက်ခွာမည့် လေယာဉ်အား လူကုန်ကူးမှုသံသယဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း

ပြင်သစ်နိုင်ငံ၊ Paris မြို့ရှိ Vatry လေဆိပ်တွင် Mumbai သို့ ထွက်ခွာရန် ရပ်နားထားသည့် လေယာဉ်သည် လောင်စာဖြည့်တင်းရန် ရပ်နားထားစဉ် လူကုန်ကူးမှုဆောင်ရွက်ကြောင်း သံသယဖြင့် ထိန်းသိမ်း ခံခဲ့ရပါသည်။

အဆိုပါလေယာဉ်သည် UAE မှ Nicaragua သို့ လူကုန်ကူးရန်အတွက် လူသယ်ယူပို့ဆောင် နေကြောင်း ၂၁-၁၂-၂၀၂၃ ရက်နေ့တွင် အမည်မသိပုဂ္ဂိုလ်က သက်ဆိုင်ရာသို့ အသိပေးခဲ့ကြောင်းနှင့် ယင်းသို့လူကုန်ကူးသည့်လေကြောင်းလိုင်းမှာ Romanian Company Legend Airlines ဖြစ်ကြောင်း၊ အဆိုပါလူကုန်ကူးမှုဆောင်ရွက်နိုင်ကြောင်း သံသယအား စုံစမ်းစစ်ဆေးနိုင်ရန်အတွက် လေယာဉ်ပေါ်ရှိ ခရီးသည် ၃၀၃ ယောက်သည် လေဆိပ်တွင် လေးရက်ခန့် နေခဲ့ရကြောင်း၊ ယင်းသို့ ရပ်နားစဉ်အတွင်း ခရီးသည်များထဲမှ အရွယ်မရောက်သေးသူ ၅ ဦး အပါအဝင် လူ ၂၅ ဦးသည် ပြင်သစ်တွင် ခိုလှုံခွင့်တောင်းခံခဲ့ကြောင်း၊ ယင်းတို့အနက် လူ ၂ ဦးမှာ လူကုန်ကူးမှုသံသယဖြင့် ထိန်းသိမ်းခံခဲ့ရပါသည်။

ပြင်သစ်ရဲအရာရှိများသည် Transit Zone တွင် နိုင်ငံခြားသားများအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် လေးရက်အထိ ထိန်းသိမ်းထားခွင့်ရှိကြောင်း၊ ယင်းထက်ပိုမို၍ စုံစမ်းစစ်ဆေးရန် အချိန်လိုအပ်ပါက ၈ ရက်အထိ တိုးမြှင့်ခွင့်ရှိပြီး ယင်းသို့ တိုးမြှင့်ရန် သင့် မသင့်ကို တရားသူကြီးက ဆုံးဖြတ်ရမည်ဖြစ်ကြောင်းသိရှိရပါသည်။ ယခုလူကုန်ကူးမှုကိစ္စရပ်သည် ခရီးသည်များက လေယာဉ် ပေါ်သို့ မိမိသဘောဆန္ဒအလျောက် တက်ရောက် လိုက်ပါစီးနင်းခဲ့ခြင်းဖြစ်သောကြောင့် လူကုန်ကူးမှု မမြောက်ဟု ဖော်ပြထားပါသည်။ သံသယဖြင့် ထိန်းသိမ်းခံရသည့်လူနှစ်ဦးကိုလည်း ပြန်လွှတ်ပေးခဲ့ ပြီး ခိုလှုံခွင့်တောင်းခံသူများကို ခိုလှုံခွင့်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် ခဲ့ပြီးနောက် လေယာဉ်သည် အိန္ဒိယသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနှင့် ပြင်သစ်နိုင်ငံအာဏာပိုင်များသည် ယခုကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်း စစ်ဆေးမှုများကို

ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်
http://www.jurists.org/news/2023/12/plane-held-in-paris-airport-on-suspicion-of-human-trafficking-leaves-for-mumbai/

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃၃) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

